**(၆) ဖားဥမှိုရောဂါ (Powdery mildew)**

**ရောဂါဖြစ်စေသောသက်ရှိ - *Leveillula taurica* (Lév.) G. Arnaud**

**ရောဂါလက္ခဏာများ**

အရွက်ပေါ်တွင် အစိမ်းဖျော့ရောင်၊ အဝါရောင် ရောဂါကွက်များအဖြစ်တွေ့ရသော်လည်း ရောဂါကွက် အောက်မျက်နှာပြင်တွင် အဖြူရောင်မှိုများကို အကွက်လိုက်တွေ့ရသည်။ ရောဂါပြင်း ထန်ပါက အရွက်များ ခြောက်၍ ကြွေကျသည်။





ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါခံနိုင်ရည်ရှိသောမျိုးများကို ရွေးချယ်စိုက်ပျိုးပါ။
- ပင်ကြွင်းပင်ကျန်များကိုမီးရှို့ဖျက်ဆီးပါ။
- ရောဂါကျရောက်ပါက အောက်ပါ မှို သတ်ဆေးများဖြင့် ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်ပါသည်။

  - Difenoconazole (ဒိုင်ဖီနိုကိုနာဇိုး)
  - Tebuconazole (တက်ဗျူကိုနာဇိုး)
  - Surfur (ဆာလ်ဖာ)
  - Kresoxim - Methyl (ကရီဆိုဇင်မ်-မီသိုင်း)
  - Trifloxystrobin (ထရိုင်ဖလောက်ဆီစထရိုဘင်)